**(၈) ကိုင်းဖျားခြောက်/ပင်စည်အစေးထွက်ရောဂါ/အသီးထိပ်ပုပ်ရောဂါ**

**ရောဂါဖြစ်စေသက်ရှိ -** *Lasiodiplodia theobromae* (Pat.) Griffiths & Maubl.

- *Botryosphaeria ribis* Grossenb. & Duggar

**ရောဂါလက္ခဏာ (ကိုင်းဖျားခြောက်)**


သရက်ကိုင်းဖျားများခြောက်လာသည်။ ရောဂါ ဖြစ်စေသောသက်ရှိမှုသည် ကိုင်းထိပ် ဖျားများခြောက်သေခြင်း၊ ပျိုးပင်ပုပ်၊ သစ်သားစွန်း ထင်းခြင်း၊ သီးညှာပုပ်၊ အမြစ် ပုပ်ခြင်း၊ အသီးပုပ်ခြင်းတို့ကို ဖြစ်စေသည်။

**ရောဂါလက္ခဏာ (ပင်စည်အစေးထွက်ရောဂါ)**

ရောဂါရသော အကိုင်းအခက်၊ ပင်စည် အခေါက်များပေါ်တွင် အစေးများ ထွက်နေသည်။ အထူးသဖြင့် ကွဲအက်နေသောပင်စည်၊ အကိုင်းများတွင် ပို၍ဖြစ်ပေါ် သည်။ ရောဂါပြင်းထန်ပါကအစေးများသည် ပင်စည်ပေါ်ကျလာကာ အခေါက်များ သည် အညို ရောင်ပြောင်း သွားပြီးအရှည်လိုက်အက်ကွဲသွားခြင်း၊ အခေါက်ပုပ်ပွ ခြင်း နှင့် အပင်ခြောက်သွားခြင်းတို့ဖြစ်စေသည်။

**ရောဂါလက္ခဏာ (အသီးထိပ်ပုပ်ရောဂါ)**

အသီးများ ရိတ်သိမ်းပြီးနောက် ရင့်မှည့်လာသည်နှင့်အမျှ အသီးထိပ် (သီးညှာ စွန်း) မှ မည်းပြီးပုပ်များ ပေါက်လာသည်။ ခြောက်သွေ့သောနေရာများတွင် ၎င်းသည် anthracnose ထက် ပို၍ပြင်းထန်နိုင်သည်။ အသီးများသည် အသီးညှာအဆုံးတွင် အညိုရင့်ရောင်ပုပ်လာပြီး အသီးတစ်ခုလုံးသို့ လျင်မြန်စွာ ပျံ့နှံ့သွားပါသည်။ ရောဂါဖြစ် စေသော မှိုစပိုးသည် အချိန်ကြာမြင့်စွာ အသက်ရှင်နိုင်ပြီး ပျက်စီးနေသော အကိုင်း အခက်များ သို့မဟုတ် အရွက်များပေါ်တွင် မျိုးပွားနိုင်သည်။ အသီးများ ရင့် မှည့်ပြီး နောက် ဤရောဂါသည် သူ့အလိုလို ပေါ်လာသည်။









## ကာကွယ်နှိမ်နင်းနည်းများ

- ကိုင်းဖျားခြောက်အတွက် Thiophanate methyl, Azoxystrobin , Mancozeb မှိုသတ် ဆေးများအသုံးပြုပက်ဖျန်းပါ။
- ပင်စည်အစေးထွက်ရောဂါ အတွက် Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)ကို ဖျန်းခြင်း၊ ဒါဏ်ရာကွက်များ ကို သုတ်လိမ်းခြင်း ဆောင်ရွက်ပါ။

- အသီးထိပ်ပုပ်ရောဂါအတွက်သရက်သီးမခူးဆွတ်မီ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း) ,  Azoxystrobin (အဇိုဆီစထရိုဘင်) စသော ပင်လုံးပြန့်အာနိ သင်ရှိသောမှိုသတ်ဆေးကိုဖျန်းပေးပါ။